## ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးနှင့် လုပ်သားဈေးကွက်

**နိဒါန်း**

ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှုကြောင့် တဖြည်းဖြည်းနယ်ခြားမဲ့သကဲ့သို့ဖြစ်လာနေသောကမ္ဘာကြီးတွင်ကျွန်ုပ်တို့သည်ပြင်းထန်သောယှဉ်ပြိုင်ပွဲကြီးများကို နေ့စဉ်နှင့်အမျှရေကုန်ရေခမ်း ဆင်နွှဲနေကြရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများပါ မိမိတို့၏စီးပွားရေးအားကောင်းသည်ထက် အားကောင်းလာစေရန် အရင်းအနှီးများနောက်သို့ အပြေးအလွှားလိုက်နေကြပါသည်။ ငွေကြေးအရင်းနှင့် လူသားအရင်းတို့ကလည်း ဤကမ္ဘာကြီး၌ အကောင်းဆုံးနေရာများသို့သာ စိတ်ကြိုက်စီးဝင်ခြင်း(သို့မဟုတ်)စီးထွက်ခြင်းဖြစ်ပေါ်နေပါသည်။ယနေ့ကမ္ဘာ့စီးပွားရေးအခင်းအကျင်းကိုကြည့်လျှင် အရင်းသည်ပို၍တစ်ကမ္ဘာလုံးဆိုင်ရာအဖြစ်သို့ရောက်လာနေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ထုတ်ကုန်များကိုလည်း အခြားနိုင်ငံများတွင်တန်ဘိုးမြှင့်ဆက်လက်ထုတ်လုပ်နေကြသည်။ တစ်နည်းအားဖြင့်တန်ဘိုးကွင်းဆက်များ(Value Chains) ကနိုင်ငံများ၏နယ်နိမိတ်ကို ဖြတ်ကျော်ထွက်လျက်ရှိနေပါသည်။ ယှဉ်ပြိုင်မှုများ(အထူးသဖြင့်ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအတွက်ယှဉ်ပြိုင်မှုများ)သည် အကြိတ်အနယ်ဖြစ်လျက်ရှိနေကြသည်ကိုတွေ့နိုင်ပါသည်။

ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် အရေအတွက်သာမက အရည်အချင်းပါမြင့်မားစွာဝင်ရောက်လာလျှင်အလုပ်အကိုင်များပိုရလာမည်။ အလုပ်အကိုင်အမျိုးအစားများပိုကောင်းလာမည်။ ထိုအလုပ်အကိုင်များနှင့်ဆီလျော်ညီညွတ်သော လူသားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံလာကြမည်။ ထိုအခါလုပ်ငန်းခွင်အခြေအနေပိုမိုတိုးတက်ကောင်းမွန်လာမည်၊ထုတ်လုပ်နိုင်စွမ်းနှင့်ယှဉ်ပြိုင်နိုင်စွမ်းတို့ပို၍မြင့်မားလာမည်။ အထက်ပါအကြောင်းတရားများကြောင့်ပင်လျှင် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများက ထပ်မံစီးဝင်လာပါမည်။ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဤသံသရာသည် မြန်မြန်နှင့်မှန်မှန်လည်ပတ်နေရန်လိုအပ်ပါသည်။ ပြည်တွင်းကုမ္ပဏီများနှင့် အိမ်မွေးခြံပေါက်လုပ်ငန်းရှင်များ အတွက်ဆိုလျှင်လည်း ၎င်းတို့သည် ပြည်တွင်းလုပ်သားထုအင်အားအများစု၏အားကိုအသုံးပြုနေကြသူများဖြစ်ကြရာထိုလုပ်သားထု၏ကျွမ်းကျင်မှုနှင့်ကျင့်စဉ်တို့ကို တိုးတက်ကောင်းမွန်အောင် ကနဦးလုပ်ဆောင် ပေးထားခဲ့လျှင် တစ်ကမ္ဘာလုံးနှင့်ယှဉ်ပြိုင်ရမည့်အရေး၌ အရေးအကြီးဆုံး အခွင့်သာမှုများကို ရရှိခံစားနိုင်ကြမည်မှာမလွဲပါ။ဤသို့ဖြင့်ပြည်တွင်းကုမ္ပဏီများသည်အထူးတလည် လိုအပ်နေသောကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို ရရှိလာကြပြီး အထက်ပါဖွံ့ဖြိုးတိုးတက်မှုသံသရာအတွင်းသို့ တိုးဝင်သွားနိုင်မည်ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံသူများအတွက် အလိုအပ်ဆုံးအချက်**

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆုံးဖြတ်ချက်ချသည့်နေရာတွင် ယခုအခါဦးစားပေး စဉ်းစားလာရသောအချက်မှာ လူသားအရင်း(Human Capital)ဖြစ်ပါသည်။ တိတိကျကျဆိုရလျှင် လုပ်သားထုတစ်ခု အတွင်း၌ ပင်ကိုယ်စွမ်းရည်နှင့်ကျွမ်းကျင်မှုရှိသူများမည်မျှရရှိနိုင်မလဲဆိုသည့်အချက်ပင်ဖြစ်ပါသည်။

နိုင်ငံများစွာ၌ ပြည်ပရင်းနှီးမြှုပ်နှံသူများ လွယ်ကူအဆင်ပြေစွာ ရင်းနှီးမြှုပ်နှံနိုင်ကြစေရန် ရှိရင်းစွဲအတားအဆီးများကို ဖြိုဖျက်ပေးခဲ့ကြသည်ကို တွေ့ရှိနေရပါသည်။ မကြာသေးခင် နှစ်များအတွင်းကအင်တာနက်အခြေခံဆက်သွယ်မှုစနစ်များ၊ရေကြောင်း၊ လေကြောင်းနှင့် ကုန်းလမ်းခရီးသယ်ယူပို့ဆောင်ရေးစနစ်များသည် အကြီးအကျယ်တိုးတက်လာခြင်းဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအကွက်အကွင်းကလည်းလုံးဝပြောင်းလဲ သွားခဲ့ပြီဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရာ၌ နိုင်ငံများမှပေးသောမက်လုံးများ၊ အခြေခံ

အဆောက်အအုံ၊ ခရီးအကွာအဝေး၊ သဘာဝသယံဇာတ စသောအချက်များကို တစ်ချိန်ကဦးစားပေးစဉ်းစားခဲ့ကြသော်လည်း ယခုအခါ၎င်းတို့အတွက် ဦးစားပေးအဆင့်လျော့ချလာကြသည်ကို တွေ့ရပါသည်။ရင်းနှီးမြှုပ်နှံသူများက အကောင်းဆုံးရင်းနှီးမြှုပ်နှံ နိုင်မည့်နေရာကိုရှာဖွေရာတွင် နိုင်ငံတစ်ခုနှင့် အခြားနိုင်ငံတစ်ခု နေရာတစ်နေရာနှင့်အခြားတစ်နေရာတို့၏ ကွဲပြားခြားနားချက်များကို နှိုင်းယှဉ်လေ့လာ၍ ယှဉ်ပြိုင်ရွေးချယ်ခြင်းပြုလုပ်လာကြပါသည်။ ထိုသို့ရွေးချယ်ရာတွင် တစ်ကမ္ဘာလုံး၌အလိုအပ်ဆုံးမှာရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းနှင့်ဆီလျော်ကိုက်ညီမည့် ပင်ကိုယ်စွမ်းရည်နှင့် ကျွမ်းကျင်မှုပင်ဖြစ်ပါသည်။ နိုင်ငံများစွာက ရင်းနှီးမြှုပ်နှံမှုအတားအဆီးများကို ဖြိုချပေးစေကာမူ ပင်ကိုယ် စွမ်းရည်နှင့်ကျွမ်းကျင်မှုရှိသောလူသားအရင်း မရှိခဲ့လျှင် သို့မဟုတ်မလုံလောက်လျှင် ရင်းနှီးမြှုပ်နှံမှုမလုပ်လိုကြပါ။ အဆင့်မြင့်နည်းပညာနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုအများဆုံးစီးဝင်နေသော နိုင်ငံများကိုကြည့်လျှင်လည်း ထိုနိုင်ငံများသည် လူသားအရင်း အလုံအလောက်ထုတ်လုပ်ပေးနိုင်ကြကြောင်း တွေ့နိုင်ပါသည်။

ရင်းနှီးမြှုပ်နှံသူများ အလေးအနက်ထားသောအချက်မှာ ၎င်းတို့၏ စီးပွားရေးရည်မှန်းချက်ပန်းတိုင်များကိုအမြဲတမ်းပြည့်မီနေစေရန်အတွက် လုပ်ငန်းနှင့်ဆီလျော်ကိုက်ညီသော ကျွမ်းကျင်သူများကို ပုံမှန်ဖြည့်ဆည်းပေးနိုင်မည့် အလုပ်သမားဈေးကွက် တည်ရှိနေခြင်းပင်ဖြစ်ပါသည်။ လူသားအရင်းကို ရှေ့ရှုသည့်ဤချဉ်းကပ်နည်းကို စက်မှုကဏ္ဍအတွက်သာ အသုံးပြုကြသည်မဟုတ်ပါ။ ဝန်ဆောင်မှုကဏ္ဍကလည်း ဤချဉ်းကပ်နည်းကိုများစွာလိုလားကြပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စက်မှုကဏ္ဍထက် ဝန်ဆောင်မှုကဏ္ဍက ပိုမိုကြီးမားသည်ကို လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝန်ဆောင်မှုကဏ္ဍသည် တဖြည်းဖြည်းပိုမို ကြီးထွားလာနေသည်ကိုလည်းကောင်းကျွန်ုပ်တို့သတိပြုမိခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့်ယခုအခါ မည်သည့်ကဏ္ဍအတွက်မဆို ကမ္ဘာတစ်ဝန်းရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးတွင်ကျွမ်းကျင်မှုရှိသောအလုပ်သမားဈေးကွက်ဖော်ဆောင်ရေးသည်အဓိကကျသောနေရာသို့ ရောက်လာရကြောင်းဖော်ပြအပ်ပါသည်။

## ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်အတွက်စံများ

ကမ္ဘာ့စီးပွားရေးလွတ်လပ်လာမှုနှင့် နိုင်ငံတကာတွင်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအတားအဆီးများဖယ်ရှားပေးနေမှုတို့ကြောင့် ကုမ္ပဏီများကိုမိခင်ဌာနချုပ်တည်ရှိရာဒေသ သို့မဟုတ်အစဉ်အလာအရစားသုံးသူဈေးကွက်ရှိရာဒေသများမှ ဝေးကွာသောနေရာဒေသများသို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံရန် အားပေးသလို ဖြစ်လာခဲ့ပါသည်။ ကမ္ဘာ့လူဦးရေစာရင်း ဇယားများအရလည်း အချို့နေရာများတွင် ပညာရေးအဆင့်အတန်းတိုးတက်လာသောအလုပ်သမားဈေးကွက်ကြီးများအလျှိုလျှိုပေါ်ထွန်းလာနေလျက်ရှိကြပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊အလုပ်အကိုင်ပတ်ဝန်းကျင်အနေအထား၊အလုပ်သမားရရှိနိုင်မှု၊ပြိုင်ဘက်များ၏ယှဉ်ပြိုင်မှုအဆင့်အတန်း၊ နည်းပညာရွှေပြောင်းမှုနှင့်ရှာဖွေဆည်းပူးနိုင်မှုအခြေအနေ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံကူးပြောင်းသွားလာနိုင်မှုအဆင့်အတန်း၊နိုင်ငံရေးတည်ငြိမ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအပေါ် အကာအကွယ်ပေးမှုစသည့်အချက်အလက်များအပေါ်မူတည်၍ရင်းနှီးမြှုပ်နှံမှုအသစ်ပြုလုပ်ရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနေရာရွှေ့ပြောင်းရန် စဉ်းစားလာကြခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

ကိုယ့်ရပ်ကိုယ့်ရွာတွင်သာ ရင်းနှီးမြှုပ်နှံမည်ဟူသော အယူအဆသည် ယခုအခါ ခေတ်ကုန်နေပြီဖြစ်ပါသည်။ ယနေ့ကမ္ဘာတစ်ဝန်းမှာ လုပ်အားအရင်းအမြစ်များစွာ ပေါ်ထွက်လာနေသည်ကိုလုပ်ငန်းရှင်များက သင့်တော်သောနေရာများမှဆွဲယူသုံးစွဲနိုင်ကြပါသည်။ အထူးကျွမ်းကျင်သောပညာရှင်လုပ်သားများကလည်း

ယခုအခါနိုင်ငံမရှိတော့သလိုမြင်တွေ့နေရ၏။ ၎င်းတို့အတွက်အကျိုးကျေးဇူးအများဆုံးရရှိနိုင်မည့်မည်သည့်နေရာ၌မဆိုပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်ကိုင်နေနိုင်ကြပါသည်။သို့ဖြစ်၍လုပ်ငန်းရှင်များသည်၎င်းတို့၏ စီးပွားရေး ရည်မှန်းချက်ပန်းတိုင်များ အကောင်းဆုံးရာဖွေဖြည့်ဆည်းပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုနေရာကို ရွေးချယ်ဆုံးဖြတ်ကြရာတွင်**စီးပွားရေးလုပ်ငန်းအတွက်လိုအပ်ချက်များ**နှင့် **တည်နေရာ(နိုင်ငံ/မြို့နယ်) နှိုင်းယှဉ်လေ့လာချက်** ဟူသောအချက်နှစ်ချက်အပေါ် အဓိကထား ရွေးချယ်ဆုံးဖြတ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

စီးပွားရေးလုပ်ငန်းအတွက် လိုအပ်ချက်များဆိုရာတွင် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းအတွက်ဦးစားပေး လိုအပ်ချက်များကို ‘ စံ ’များအဖြစ်ရွေးချယ်ပြီး ၎င်း‘ စံ ’များအတွက် အလေးသတ်မှတ်ပေးခြင်း (Weighted criteria)ဖြစ်ပါသည်။‘ စံ’များရွေးချယ်ရာတွင် စားသုံးမှု၊ထုတ်လုပ်မှု၊အဖွဲ့အစည်းလိုအပ်ချက်၊ လုပ်သားဖွံ့ဖြိုးတိုးတက်မှုနှင့်ထောက်ပံ့ရေးအစီအစဉ်တို့မှ မည်သို့အကျိုးသက်ရောက်မှုများရရှိနိုင် မည်ကို ချိန်ဆနိုင်စွမ်းရှိရန်လိုအပ်ပါသည်။တည်နေရာနှိုင်းယှဉ်ချက်တွင်အပိုင်း(၃)ပိုင်းပါဝင်ပါသည်။ ***ငွေကြေးအပိုင်း*** ၌အမြတ်အစွန်းရရှိနိုင်မှုအခြေအနေနှင့် အရင်းစီမံခန့်ခွဲမှုအခြေအနေတို့ပါဝင်ပါသည်။ ***ဆက်စပ်လုပ်ငန်းအပိုင်း*** ၌ အလုပ်သမားရရှိနိုင်မှု အလုပ်သမားခန့်ထားများနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုအရည်အသွေး တို့ ပါဝင်သော ***အလုပ်သမားဈေးကွက်အခြေအနေ***၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနိုင်ငံရေးတရားဥပဒေစည်းမျဉ်းစည်းကမ်းအခြေအနေနှင့် မက်လုံးပေးထားမှု အခြေအနေတို့ပါဝင်သော ***စီးပွားရေးရာသီဉတုအခြေအနေ***၊ အခြေခံအဆောက်အအုံ၊ စွန့်စားမှုအနေအထားနှင့်လူနေမှုအဆင့်အတန်းတို့ ပါဝင်သော ***လူ့အသိုင်းအဝန်းအခြေအနေ***တို့ပါဝင်ပါသည်။***စွန့်စားမှုခွဲခြားစိတ်ဖြာခြင်းအပိုင်း*** ၌ငွေကြေးစွန့်စားမှုအခြေအနေ လုပ်ငန်းပြတ်တောက်နိုင်မှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ်တို့ပါဝင်ပါသည်။

ရင်းနှီးမြှုပ်နှံရန်ဆုံးဖြတ်ချက်အတွက် ‘ စံ’များကို သုတေသနပြုသော အဖွဲ့တစ်ဖွဲ့သည် ၂၀၀၆ခုနှစ်က နိုင်ငံပေါင်း ၅၀ကျော်တွင် ရင်းနှီးမြှုပ်နှံရာ မြို့ရွာ ရာပေါင်းများစွာတို့ကို လေ့လာမှုပြုခဲ့ပါသည်။ ၎င်းတို့၏ လေ့လာတွေ့ရှိချက်များအရလုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံရန်နေရာဒေသ ရွေးချယ်ကြသောအခါ အောက်ပါဦးစားပေး ‘ စံ’များဖြင့် အစဉ်အတိုင်းရွေးချယ်ဆုံးဖြတ်ခဲ့ကြကြောင်းတွေ့ရှိရပါသည်–

(က) ကျွမ်းကျင်လုပ်သားရရှိနိုင်မှုအခြေအနေ

(ခ ) စုစုပေါင်းလုပ်ခ/လစာကုန်ကျစရိတ်

(ဂ ) မက်လုံးပေးမှုများ

(ဃ) အနာဂတ်အလုပ်သမားများ အလားအလာ

(င ) အလုပ်သမားအရည်အချင်း(ပညာရေး)

(စ ) အင်္ဂလိပ်ဘာသာစကားပြောနိုင်သော အလုပ်သမားထု

(ဆ) နေထိုင်မှုအဆင့်အတန်း

အထက်ပါအချက်များကိုထောက်ရှုခြင်းအားဖြင့် ကျွမ်းကျင်လုပ်သားရရှိရေးသည် ရင်းနှီးမြှုပ်နှံရန်နေရာရွေးချယ်သည့်အခါတွင်အရေးကြီးသော စံနှုန်းတစ်ခုဖြစ်ကြောင်းတွေ့ကြရပါမည်။ အမှန်စင်စစ်ပြည်ပလုပ်ငန်းရှင်ကြီးများ ဘက်မှကြည့်လျှင်လည်း ၎င်းတို့ပြည်တွင်းရှိ အလုပ်သမားဈေးကွက်မှ ၎င်းတို့လိုချင်

သော အလုပ်သမားအရေအတွက်နှင့် အရည်အချင်းတို့ကို ၎င်းတို့ပေးနိုင်သော လုပ်ခလစာဖြင့် မရနိုင်ကြတော့သဖြင့် ပြည်ပသို့ရင်းနှီးမြှုပ်နှံရန် လှမ်းမျှော်ကြည့်ခဲ့ကြရခြင်းပင်မဟုတ်ပါလော။

**ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေး**

ရင်းနှီးမြှုပ်နှံသူများအတွက် အလိုအပ်ဆုံးအချက်နှင့် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်အတွက် 'စံ'များကိုကျွန်ုပ်တို့သိရှိပြီးဖြစ်လျှင် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအလုပ်သည် မခက်တော့ပါ။ ခုတ်ရာတခြား၊ ရှရာတလွဲဖြစ်စရာလည်းမလိုတော့ပါ။ သူတို့အတွက်အလိုအပ်ဆုံးအရာကို ကျွန်ုပ်တို့လက်ထဲတွင်အမြဲတမ်းအသင့်ရှိနေ အောင်ပြုလုပ်ထားရပါမည်။သူတို့အတွက် နည်းနည်းပဲလိုသည်ကို ကျွန်ုပ်တို့က ဖြည်းဖြည်းပဲဖြည့်ဆည်းပေးသွားလည်းရနိုင်ပါမည်။

ကျွန်ုပ်တို့နိုင်ငံ၌ကျွမ်းကျင်မှုရှိသော အလုပ်သမားဈေးကွက်ကြီးတစ်ခုကို အလျှင်မပြတ်အောင် ပြုစုပျိုးထောင်ထားပေးနိုင်လျှင်ပင် ရင်းနှီးမြှုပ်နှံသူများက တဝဲဝဲလည်နေကြမည်သာ ဖြစ်ပါသည်။ လုပ်အားခသက်သာသည့် အခွင့်အရေးကနဂိုကတည်းက ရှိပြီးသားဖြစ်ပါသည်။ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးအစရှိသောအခြေခံအဆောက်အအုံများ မပြည့်စုံစေကာမူ ကမ္ဘာ့ရွာခေတ်ကြီးတွင် အချိန်မရွေးလိုအပ်သည့် နေရာတွင်တည် ထောင်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုရောက်လာပြီးနောက်ပိုင်းမှ လုပ်ယူ၍လည်းရနိုင်ပါသည်။ ကျွမ်းကျင်မှုသာမူလပထမ လိုအပ်ချက်ဖြစ်ကြောင်းဖော်ပြလိုပါသည်။ အလုပ်သမားများ၏ အရည်အချင်းမြှင့်တင်ရေးကိုပညာရေးအစီအစဉ်နှင့်လုပ်ငန်းခွင်အတွေ့အကြုံမှ သင်ကြားရေးအစီအစဉ်တို့ဖြင့် စနစ်တကျပေါင်းစပ်ဆောင်ရွက်ပေးရပါမည်။ နိုင်ငံတော်မှ အကုန်အကျခံ၍ ဖွင့်လှစ်ထားသော စက်မှုလက်မှုသင်တန်းကျောင်းများသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက်များစွာအကျိုးပြုနိုင်ပါသည်။ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်းကုန်ကျစရိတ်မျှခံသော စနစ်ဖြင့်လေ့ကျင့်ပေးသောအလုပ်သမားကျွမ်းကျင်မှုသင်တန်းများကိုစက်ရုံတွင်းနှင့်စက်ရုံပြင်ပတို့တွင် ပြုလုပ်သွားနိုင်ပါသည်။ အလုပ်သမားကျွမ်းကျင်မှု စံနှုန်းသတ်မှတ်ရေးအစီအစဉ်အရ အလုပ်သမားများကို လက်တွေ့လုပ်ငန်းခွင်တွင်လေ့ကျင့်ခြင်း၊ကျွမ်းကျင်မှုစစ်ဆေးခြင်းစံနှုန်းသတ်မှတ်၍ အသိအမှတ် ပြုပေးခြင်းများသည်လည်း အလုပ်သမားများ၏ယှဉ်ပြိုင်နိုင်စွမ်းကို ဆထက်ထမ်းပိုးတိုးတက်စေပါမည်၊ အဆိုပါ အလုပ်သမားကျွမ်းကျင်မှုမြှင့်တင်ရေးလုပ်ငန်းများသည် ငွေကြေးကုန်ကျမှုများစွာရှိမည်မှန်သော်လည်းကျွမ်းကျင်မှုရှိသောလုပ်သားဈေးကွက်ကြီး ပေါ်ထွန်းလာလျှင်ရလာမည့် အကျိုးကျေးဇူးနှင့်နှိုင်းဆပါက မဖြစ်လောက်ပါဟုပြောလိုပါသည်။

**<u>နိဂုံး</u>**

ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးအတွက်အကြောင်းတရားပေါင်းများစွာရှိသည်မှာမှန်ပါသည်။ စီးပွားရေးလုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ရန်'စံ'များအပေါ် အလေးပေးမှုများမှာအမျိုးမျိုးရှိနိုင်သည်မှာမှန်ပါသည်။ သို့ရာတွင်သုတေသနပြုသော အဖွဲ့အစည်းများ၏ လေ့လာချက်အရ မည်သည့်စီးပွားရေးလုပ်ငန်းမဆို ကျွမ်းကျင်သောလုပ်သားများရနိုင်မှု ရှိ/မရှိဆိုသည့် ' စံ ' အပေါ် အနည်းဆုံး ၉% မှ အများဆုံး ၆၀% အထိအလေးပေးကြကြောင်း တွေ့ရှိရသည်ဟုဆိုပါသည်။

မျက်မှောက်ကာလသည် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်နေချိန် ဖြစ်ပါသည်။ ဤအချိန်တွင်မည်သူကမျှ စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုအသစ်များ လုပ်လိုကြမည်မဟုတ်ပါ။သို့သော်ဤ

အကြပ်အတည်းသည် အချိန်ကာလတစ်ခုတွင် ကုန်ဆုံးသွားရမည်ဖြစ်ပါသည်။ ထိုအချိန်သည် စီးပွားရေးလုပ်ငန်းများ တမဟုတ်ချင်းတိုးတက်လာသော အချိန်ဖြစ်ပါမည်။ ထိုအချိန်အတွက်မြော်မှန်းပြီး ကျွန်ုပ်တို့သည်ယခုအချိန်မှစတင်၍ လုပ်သားထု၏ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသင့်ပါသည်။သို့မှသာ ကမ္ဘာ့စီးပွားရေးပြန်လည်ဖွံ့ဖြိုးလာချိန်တွင် အထိုက်အလျောက် ကျွမ်းကျင်မှုရှိသော လုပ်သားဈေးကွက်ကြီးရရှိပြီးဖြစ်နေမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။